


အတွဲ(၂)၊ အမှတ်(၉)၊ ဒီဇင်ဘာလ၊ ၂၀၁၃ ခုနှစ်

## ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးပါမောက္ခ ဒေါက်တာဖေသက်ခင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးအခမ်းအနားသို့ တက်ရောက်




ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာဖေသက်ခင်မှကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားနေစဉ်



မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါက်တာမွန်မွန်အောင်မှ ကမ္ဘာ့ခုခံအား ကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ရန်အောင်မြင်ကျေးရွာ စကားဝိုင်း ဆွေးနွေးပွဲတွင် အဖွင့်အမှာစကားပြောကြားနေစဉ်

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှကျင်းပသည့် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာလ (၂)ရက်နေ့ နံနက်(၉း၀၀)နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး အစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာဖေသက်ခင်၊ ဒုတိယဝန်ကြီးဒေါက်တာသန်းအောင်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံအမျိုးသမီးနှင့်ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များမှကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြပါသည်။ ပထမဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာဖေသက်ခင်က အဖွင့်အမှာစကားပြောကြားရာတွင်

# မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)၏လှုပ်ရှားမှုများ

မြန်မာနိုင်ငံအနေဖြင့် ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကာကွယ်တားဆီးရေးနှင့်တိုက်ဖျက်ရေးဗဟိုကို ကျန်းမာရေးဝန်ကြီးဌာန၊ နီးနွယ်ဝန်ကြီးဌာနများနှင့် ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့်ဖွဲ့စည်းခဲ့သည်။

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အနေဖြင့်လည်း မိခင်မှကလေးသို့ HIV ပိုးကူးစက်ခြင်းမှ ကာကွယ်တာဆီးခြင်းစီမံချက် (PMCT )လုပ်ငန်းကို (၂၀၀၆)ခုနှစ်ကစတင်ပြီး ကျန်းမာရေးဝန်ကြီးဌာန ခုခံကျကာလသားရောဂါ တိုက်ဖျက်ရေးစီမံကိန်း (NAP)၏ နည်းပညာပံ့ပိုးမှု၊ (UNICEF) ၏ထောက်ပံ့ငွေဖြင့် မြို့နယ်(၁၁)မြို့နယ်တွင်လည်းကောင်း (Community Based HIV/AIDS Project) ကို Global Fund၏အထောက်အပံ့ဖြင့် (၂၁)မြို့နယ်တွင်လည်း ဆောင်ရွက်နေကြောင်းသိရှိရသဖြင့် (HIV/AIDS Prevention and Control ) လုပ်ငန်းများကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကို အထူးကျေးဇူးတင်ရှိပါကြောင်းပြောကြားပြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း၏ HIV/AIDS ရောဂါကာကွယ်တားဆီးရေးဆောင်ရွက်ချက်ပြခန်းကို လှည့်လည်ကြည့်ရှုခဲ့ပါသည်။

ဆက်လက်၍ ဒုတိယပိုင်းအစီအစဉ်အဖြစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ ရက်သတ္တပတ် လှုပ်ရှားမှုစကားဝိုင်းဆွေးနွေးပွဲကို ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာ၌ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါက်တာမွန်မွန်အောင်က အမှာစကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာန အမျိုးသားခုခံကျကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်မှဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမြင့်ရွှေက " Getting to Zero,Zero New HIV Infection.Zero Discrimination and Zero AIDS related Deaths "ဆောင်ပုဒ်နှင့်စပ်လျဉ်း၍ ပညာပေးဟောပြောခဲ့ပြီး ကျေးရွာအတွင်းရှိ ကိုယ်ဝန်ဆောင်များနှင့်အုပ်ချုပ်ရေးအဖွဲ့များ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ အရွယ်ရောက်ပြီး အမျိုးသား၊ အမျိုးသမီးများ၊ ဆယ်ကျော်သက်အရွယ် အမျိုးသားအမျိုးသမီးများနှင့် စကားဝိုင်းဆွေးနွေးပွဲကိုကျင်းပခဲ့ပါသည်။

## မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် IPPF - ESEAOR တို့ပူးပေါင်းကျင်းပသော "Child Protection Policy Adoption" သင်တန်းဖွင့်လှစ်




မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် IPPF - ESEAOR တို့ပူးပေါင်းကျင်းပသော "Child Protection Policy Adoption Training Workshop"တွင် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာမြတ်မြတ်အုန်းခင်မှ အဖွင့်အမှာစကားပြောကြားနေစဉ်

## မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)၏လှုပ်ရှားမှုများ

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် IPPF-ESEAOR တို့ပူးပေါင်း၍ Child Protection Policy Adoption Training Workshop ဖွင့်ပွဲအခမ်းအနားကို ၂၀၁၃ခုနှစ် စက်တင်ဘာ(၂)ရက်နံနက် (၉း၀၀)နာရီတွင် နေပြည်တော်၊ ဒက္ခိဏသီရိမြို့၊ သုခမလမ်းရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌဒေါက်တာမြတ်မြတ်အုန်းခင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါ်စုစုလှိုင် ကျန်းမာရေးဦးစီးဌာနမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဗဟိုကောင်စီဝင်များ၊ တိုင်းဒေသကြီး/ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြပါသည်။

အခမ်းအနားတွင် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒေါက်တာမြတ်မြတ်အုန်းခင်က အဖွင့်အမှာစကား ပြောကြားခဲ့ ပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း IPPF စီမံချက်အမှုဆောင် ညွှန်ကြားရေးမှူး ဒေါက်တာကိုကိုမော်က (Child Protection Policy Adoption)အကြောင်းကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုရဲမှူးကြီး ဒေါ်ဥမ္မာရင်မီ ဦးစီးအရာရှိ(ပထမတန်း)၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့က လက်ရှိမြန်မာနိုင်ငံတွင် အမျိုးသမီးများနှင့် ကလေးများ အကြမ်းဖက်ခံရမှုအခြေအနေကိုလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဒေါ်ရူပါမြင့်က လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသော CRC နှင့် Child Protection Policy in Myanmar ကို လည်းကောင်း ရှင်းလင်းပြောကြားခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲသို့ ပြည်နယ်/တိုင်းဒေသကြီးများမှ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ တက်ရောက်ခဲ့ကြပြီး (၂-၉-၂၀၁၃)မှ (၃-၉-၂၀၁၃)ရက်နေ့အထိ (၂)ရက်ကြာ သင်ကြားပို့ချခဲ့ပါသည်။

### မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတကြီးများ၏ဇနီးများ လာရောက်ခြင်း



မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင် နာယကများဖြစ်ကြသော ဒေါ်နန်းရွှေမှုန်နှင့် ဒေါ်ခင်အေးမြင့်တို့မှ ကိုယ်ဝန်ဆောင်များအားအာဟာရဃူနစ်များပေးအပ်နေစဉ်



မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင် နာယကများဖြစ်ကြသော ဒေါ်နန်းရွှေမှုန်နှင့်ဒေါ်ခင်အေးမြင့်တို့မှ မွေးဖွားပြီးလူနာများအား ကြည့်ရှုနေစဉ်

# မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)၏လှုပ်ရှားမှုများ

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယကကြီး ဒေါ်ခင်ခင်ဝင်း၏ လမ်းညွှန်မှုဖြင့် အသင်းရုံးဝင်းအတွင်းရှိ မေတ္တာစမ်းရေဆေးခန်းတွင် လာရောက်ပြသလျက်ရှိသော ကိုယ်ဝန်ဆောင်မိခင်များကို အာဟာရ (ယူနစ်)ထောက်ပံ့ခြင်းနှင့်အာဟာရကျွေးမွေးခြင်းလုပ်ငန်းများကို အပတ်စဉ်ဆောင်ရွက်လျက်ရှိရာ ( ၂၆– ၁၂ – ၂၀၁၃)ရက်နေ့တွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယကများ ဖြစ်ကြသော ဒေါ်နန်းရွှေမူနှင့်ဒေါ်ခင်အေးမြင့် တို့တက်ရောက်ပြီးကိုယ်ဝန်ဆောင်မိခင်များကို အာဟာရယူနစ်ထောက်ပံ့ခြင်း၊ အာဟာရကျွေးမွေးခြင်းနှင့်မွေးပြီးမိခင်များကို အနှီးပိတ်နှင့်ကလေးအင်္ကျီများ ထောက်ပံ့ပေးခြင်းတို့ကိုဆောင်ရွက်ခဲ့ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန ပါမောက္ခဒေါက်တာဖေသက်ခင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း၏ ရွေ့လျားကျန်းမာရေးဆေးခန်း ဆောင်ရွက်ခြင်းတွင် ပါဝင်ပံ့ပိုး



ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်မှ ကျန်းမာရေးစောင့်ရှောက်မှုပေးနေစဉ်



မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်မှ ကျန်းမာရေးစောင့်ရှောက်မှုပေးနေစဉ်

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် ၂၀၁၀ခုနှစ်မှစ၍နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ ကျေးရွာများသို့ကွင်းဆင်းကာ ပြည်သူလူထုအခြေပြု ရွေ့လျားကျန်းမာရေးဆေးခန်းကိုဖွင့်လှစ်၍ ကျန်းမာရေး ပညာပေး ဟောပြောခြင်း၊ ကိုယ်ဝန်ဆောင်နှင့်သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပံ့ပိုးပစ္စည်းများ လှူဒါန်းခြင်း၊ မျက်စိနှင့်သွားကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို တစ်လတစ်ကြိမ် ပုံမှန်ဆောင်ရွက်လျက်ရှိပါသည်။

ကျန်မာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာဖေသက်ခင်၊ အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာမြင့်ဟန်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါက်တာမွန်မွန်အောင်၊ ဗဟိုအလုပ်အမှုဆောင်ဒေါက်တာမေစိုးဦး၊ ဒေါ်အမာနှင့်တွဲဘက်အတွင်းရေးမှူး(၂) ဒေါက်တာ ဂျိုဂျိုစန်း၊ နေပြည်တော်ကောင်စီ ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာထွန်းမြင့်နှင့်ဆရာဝန်များ ၊နေပြည်တော်ကောင်စီနယ်မြေ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဥတ္တရသီရိခရိုင်နှင့်ပုဗ္ဗသီရိမြို့နယ် အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အသင်း၏မေတ္တာစမ်းရေဆေးခန်းတာဝန်ခံ ဆရာဝန်ကြီးနှင့်ဆရာဝန်၊ ဆရာမများ၊ ကုတင်(၁၀၀၀) နေပြည်တော်

# မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)၏လှုပ်ရှားမှုများ

ပြည်သူ့ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီးနှင့်အဖွဲ့တို့သည် ၂၀၁၃ခုနှစ် နိုဝင်ဘာလ(၂၃)ရက်နေ့တွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ သရက်သမိန်ကျေးရွာသို့ ကွင်းဆင်း၍ရွှေ့လျားကျန်းမာရေးဆေးခန်းကို ဆောင်ရွက်ခဲ့ပါသည်။

ရှေးဦးစွာ ကျန်မာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာဖေသက်ခင်မှအဖွင့်အမှာစကား ပြောကြားပါသည်။ ၎င်းနောက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါက်တာမွန်မွန်အောင်မှ နှုတ်ခွန်းဆက် စကားပြောကြားပြီး၊ ညွှန်ကြားရေးမှူးချုပ်ပါမောက္ခဒေါက်တာမြင့်ဟန်မှ ''သက်ကြီးဘိုးဘွားများအတွက် ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ'' သိကောင်းစရာများအကြောင်းကိုလည်းကောင်း ပြောကြားခဲ့ပါသည်။ ထို့နောက် မေတ္တာစမ်းရေဆေးခန်း တာဝန်ခံ ဆရာဝန်ကြီးဒေါက်တာစမ်းစမ်းလှိုင်မှ ''ရွှေ့လျားကျန်းမာရေးဆေးခန်း ဖွင့်လှစ်ရခြင်းအကြောင်း၊ ကိုယ်ဝန်ဆောင် စနစ်တကျစောင့်ရှောက်မှုခံယူရန် အရေးပါမှုနှင့်ကျွမ်းကျင်သူများဖြင့် မွေးဖွားရန်အကြောင်းကိုလည်းကောင်း၊ ရုံးအဖွဲ့မှူး ဦးဝေမျိုးဟန်မှ '' သန့်ခေါင်းစာရင်းကောက်ယူခြင်း ဆိုင်ရာသိကောင်းစရာများကိုလည်းကောင်း'' ရှင်းလင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ကျန်မာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာဖေသက်ခင်၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်ဟန်နှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များမှ၊ အဘိုးအဘွားများကို အားဆေးနှင့်အာဟာရများကိုလည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များကို အနှီးပိတ်၊ အိုင်အိုဒင်းဆားနှင့် အာဟာရဖြစ်စေသော အစားအစာများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ပါသည်။ ၎င်းနောက်ကိုယ်ဝန်ဆောင်များကို ကိုယ်ဝန်စောင့်ရှောက်မှုပေးခြင်း၊ သက်ကြီးရွယ်အိုဘိုးဘွားများကို ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ပေးခြင်း၊ မျက်စိလူနာများကို ကြည့်ရှုစစ်ဆေးပေးခြင်း၊ သွားနှင့်ခံတွင်းလူနာများအားကုသမှုပေးခြင်း၊ အထွေထွေလူနာများကို ကြည့်ရှုစစ်ဆေးပေးခြင်း၊ ညွှန်းပို့ရန်လိုအပ်သော လူနာများအား နီးစပ်ရာကျန်းမာရေးဌာနသို့ ညွှန်းပို့ခြင်းနှင့်ချို့တဲ့လူနာများအား ထောက်ပံ့ခြင်းများကို ပြုလုပ်ဆောင်ရွက်ခဲ့ကြပြီး၊ ကိုယ်ဝန်ဆောင်(၄၈)ဦး၊ ဘိုးဘွား(၉၉)ဦး၊ သွားလူနာ(၃၀)ဦး၊ မျက်စိလူနာ(၁၀၁)ဦးနှင့် ပြင်ပလူနာ(၁၅၅)ဦးတို့ကို ကြည့်ရှုခဲ့ပါသည်။

## မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ နေပြည်တော်ကောင်စီနယ်မြေရှိဆေးရုံများသို့တစ်ခါသုံးမွေးအိတ်များထောက်ပံ့လှူဒါန်း



မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊
ဒုတိယဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များမှ နေပြည်တော်ကောင်စီနယ်မြေရှိ ဆေးရုံများသို့
တစ်ခါသုံးမွေးအိတ်များလှူဒါန်းစဉ်

# မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)၏လှုပ်ရှားမှုများ

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါက်တာမွန်မွန်အောင်၊ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် နေပြည်တော်ကောင်စီနယ်မြေသီရိ(၅)မြို့နယ်မှ ဆေးရုံများအတွက် တစ်ခါသုံးမွေးအိတ်များ လှူဒါန်းခြင်းအခမ်းအနားကို ၂၀၁၃ခုနှစ်အောက်တိုဘာလ(၁၀)ရက်နေ့လည် (၁း၀၀)နာရီတွင် နေပြည်တော်ကောင်စီကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမြင့်၏ရုံးခန်း၌ ပြုလုပ်ခဲ့ပါသည်။ တစ်ခါသုံးမွေးအိတ်(၅၀၀)ကို နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကုတင်(၅၀)ဆံ့ဆေးရုံများဖြစ်သော ပုဗ္ဗသီရိမြို့နယ်ဆေးရုံ၊ ဥတ္တရသီရိမြို့နယ်ဆေးရုံ၊ ဇမ္ဗူသီရိမြို့နယ်ဆေးရုံ၊ ဇေယျာသီရိမြို့နယ်ဆေးရုံနှင့် ဒက္ခိဏာသီရိ မြို့နယ်ဆေးရုံများအတွက် လှူဒါန်းခဲ့ပါသည်။ ဆက်လက်၍ ဥက္ကဋ္ဌဒေါက်တာမွန်မွန်အောင်၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင်သားဖွားခန်းသို့သွားရောက်၍ တစ်ခါသုံးမွေးအိတ်(၁၀၀) လှူဒါန်းခဲ့ပြီး သားဖွားခန်းကို လှည့်လည်ကြည့်ရှုခဲ့ကြောင်းသိရှိရပါသည်။

## မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကျန်းမာရေးဦးစီးဌာနအမျိုးသား TBရောဂါတိုက်ဖျက်ရေးစီမံကိန်းနှင့် Global Fundတို့ပူးပေါင်းဆောင်ရွက်သည့်(Refersher Training for Volunteers Based TB Care Project)သင်တန်း ပြုလုပ်



Refersher Training for Volunteers of Community Based TB Care Projectသင်တန်းတွင် WHOမှအကြံပေးပုဂ္ဂိုလ် ဒေါက်တာဝင်းမောင်မှသင်တန်းပို့ချနေစဉ်

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် ကျန်းမာရေးဦးစီးဌာန TB ရောဂါတိုက်ဖျက်ရေးစီမံကိန်းနှင့် ပူးပေါင်း၍ Global Fund၏ငွေကြေးအထောက်အပံ့ဖြင့် ရပ်ရွာအခြေပြု TB ရောဂါကာကွယ်ရေးနှင့် တိုက်ဖျက်ရေးစီမံချက်ကို (၂၀၁၁) တွင်ပဲခူးတိုင်းဒေသကြီး(ကျောက်ကြီးမြို့နယ်မပါ)နှင့်မွန်ပြည်နယ်တွင်းရှိမြို့နယ်များတွင် စတင်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီး(၂၆)မြို့နယ်၊ နေပြည်တော် (၃)မြို့နယ် နှင့်ရန်ကုန်တိုင်းဒေသကြီး(၁)မြို့နယ်တွင်

## မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)၏လှုပ်ရှားမှုများ

တိုးချဲ့ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ရန်အတွက် TB စီမံကိန်းတွင်ပါဝင်ဆောင်ရွက်သည့် မြို့နယ်များမှ စေတနာ့ဝန်ထမ်းများကို ဗဟိုအဆင့်နည်းပြသင်တန်းများ ပို့ချခဲ့ပြီးဖြစ်ပါသည်။ လုပ်ငန်းများဆောင်ရွက်ရာတွင် ပို၍သွက်လက်တိကျစေရန် ရည်ရွယ်၍ နည်းပြသင်တန်းဆင်းစေတနာ့ဝန်ထမ်းများကို မွမ်းမံသင်တန်းပေးရန်ရည်ရွယ်၍ (Refersher Training for Volunteers of Community Based TB Care Project ) သင်တန်းဖွင့်ပွဲအခမ်းအနားကို ၂၀၁၃ခုနှစ်စက်တင်ဘာလ(၂၅) ရက်နေ့ နံနက် (၉း၀၀)နာရီတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌနှင့်ဗဟိုအလုပ် အမှုဆောင်အဖွဲ့ဝင်များ၊ နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အမျိုးသားTB ရောဂါတိုက်ဖျက်ရေးဌာနမှဆရာဝန်ကြီးများ၊ စီမံချက်ဝင်မြို့နယ်များမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း စေတနာ့ဝန်ထမ်းအသင်းဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဒုတိယဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေက အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ အဆိုပါသင်တန်းသို့ စီမံချက်ဝင်(၆၉)မြို့နယ်မှ သင်တန်းသား/သူ စုစုပေါင်း(၇၄)ဦးတက်ရောက်ခဲ့ပြီးသင်တန်းကို (၂)ရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

### မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကျန်းမာရေးဦးစီးဌာန(ကျန်းမာပညာဌာန)နှင့် UNFPA တို့ ပူးပေါင်းပြီးမျိုးဆက်ပွားကျန်းမာရေးဆိုင်ရာအပြုအမူပြောင်းလဲလာစေရန် ဆက်သွယ်ပြောဆိုခြင်း အရည်းအသွေးမြှင့်မားရေးသင်တန်းဖွင့်လှစ်



မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှအတွင်းရေးမှူး ဒေါ်သဇင်နွယ်မှ သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားနေစဉ်

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဦးစီးဌာန(ကျန်းမာပညာဌာန)နှင့် UNFPA တို့ ပူးပေါင်းပြီး မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အပြုအမူပြောင်းလဲလာစေရန် ဆက်သွယ်ပြောဆိုခြင်း အရည်းအသွေးမြှင့်မားရေး သင်တန်းကို ၂၀၁၃ ခုနှစ်နိုဝင်ဘာလ(၁)ရက် နံနက်(၉း၀၀)နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် ပြုလုပ်ခဲ့ပါသည်။

# မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)၏လှုပ်ရှားမှုများ

ပထမဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါက်တာမွန်မွန်အောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဗဟိုအလုပ်အမှုဆောင်များ၊ လက်ထောက်ဆရာဝန်များနှင့်သင်တန်းဆရာများဖြစ်သည့် ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာ/ပညာအရာရှိ ဒေါ်စုစုနိုင်၊ မန္တလေးတိုင်းဒေသကြီး ကျန်းမာပညာအရာရှိ ဦးဝင်းမြင့်၊ လက်ထောက်ကျန်းမာပညာအရာရှိ ဦးမောင်မောင်ဆွေ၊ ပြင်ဦးလွင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သင်တန်းသား(၄၅)ဦးနှင့် စေတနာ့ဝန်ထမ်း(၃၀)ဦးနှင့်စုစုပေါင်း (၇၅)ဦး တက်ရောက်ခဲ့ပါသည်။ ယခုသင်တန်းသည် ပထမအကြိမ် ဖွင့်လှစ်ဆောင်ရွက်ခြင်းဖြစ်ပြီး အဆိုပါသင်တန်းကို ပြင်ဦးလွင်မြို့နယ်တွင် (၄) ကြိမ်အထိ ဆက်လက်သင်တန်း ပို့ချသွားမည်ဖြစ်ကြောင်းသိရှိရပါသည်။

## မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကျန်းမာရေးဦးစီးဌာန (ကျန်းမာပညာဌာန) UNFPA နှင့် ပူးပေါင်းပြီးမျိုးဆက်ပွားကျန်းမာရေးဆိုင်ရာအပြုအမူပြောင်းလဲလာစေရန် ဆယ်သွယ်ပြောဆိုခြင်း အရည်အသွေးမြှင့်မားရေးသင်တန်းဖွင့်လှစ်



မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အပြုအမူပြောင်းလဲလာစေရန်ဆယ်သွယ်ပြောဆိုခြင်း အရည်အသွေးမြှင့်မားရေးသင်တန်းတွင် သင်တန်းသားသင်တန်းသူများမှ သရုပ်ပြဆောင်ရွက်နေစဉ်

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကျန်းမာရေးဦးစီးဌာန(ကျန်းမာပညာဌာန)နှင့် UNFPAတို့ ပူးပေါင်းပြီး မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အပြုအမူပြောင်းလဲလာစေရန် ဆက်သွယ်ပြောဆိုခြင်း အရည်အသွေးမြှင့်မားရေး သင်တန်းကို ၂၀၁၃ခုနှစ် စက်တင်ဘာလ(၁၂)မှ(၁၃)ရက်နေ့တွင် ရောဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် ပြုလုပ်ခဲ့ပါသည်။

ပထမဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးဒေါ်သဇင်နွယ်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီး ရောဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်သက်သက်ဆွေက ကျိုက်လတ်မြို့နယ်တွင် ၂၀၁၁ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့သော မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ သင်တန်းများကို ရှင်းလင်းတင်ပြခဲ့ပါသည်။

## မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(မဟိုမ)၏လှုပ်ရှားမှုများ

ဆက်လက်၍ UNFPA မှစီမံချက်အရာရှိ ဒေါက်တာသန်းစိုးက သင်တန်းနှင့်သက်ဆိုင်သည်များကို ရှင်းလင်းပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အတွင်းရေးမှူးဒေါ်သဇင်နွယ်နှင့် သင်တန်းဆရာများဖြစ်သည့် ဒေါက်တာခင်သန်းအေးနှင့်ဒေါက်တာမျိုးမင်းဦး၊ ရောဝတီတိုင်းဒေသကြီးမိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာ/ပညာအရာရှိ ဒေါ်စုစုနိုင်၊ ဧရာဝတီတိုင်းဒေသကြီးကျန်းမာ/ပညာအရာရှိဦးမြင့်အောင်နှင့် UNFPA မှဒေါက်တာသန်းစိုး၊ ကျိုက်လတ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ သင်တန်းသားစေတနာ့ဝန်ထမ်းများနှင့် သားဖွားဆရာမများ စုစုပေါင်း(၅၂)ဦးတက်ရောက်ခဲ့ပါသည်။ ယခုသင်တန်းသည် ပထမအကြိမ်ဖွင့်လှစ်ဆောင် ရွက်ခြင်းဖြစ်ပြီး အဆိုပါသင်တန်းကို ကျိုက်လတ်မြို့နယ်တွင်(၄)ကြိမ်အထိ ဆက်လက်သင်တန်းပို့ချသွား မည်ဖြစ်ကြောင်းသိရှိရပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အတွင်းရေးမှူးဒေါ်သဇင်နွယ်နှင့် အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး၊ဖျာပုံမြို့နယ်အတွင်းရှိ အသင်းပိုင်မူကြိုကျောင်းများသို့သွားရောက်ခဲ့ပြီး ဆရာမများ၏ သင်ကြားမှုများ ကလေးများအား အာဟာရကျွေးမွေးမှုများ၊ မူကြိုကျောင်း၏လိုအပ်ချက်များကို တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး မူကြိုကျောင်းများအတွက် ထောက်ပံ့ငွေများပေးအပ်ခဲ့ပါသည်။

### မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှနေပြည်တော်ကောင်စီအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် ပျိုရွယ်သူမျိုးဆက်ပွားကျန်းမာရေး အသိပညာပေးခြင်းများပြုလုပ်



မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ပုဗ္ဗသီရိမြို့နယ် အ–ထ–က (၃)တွင် ပျိုရွယ်သူမျိုးဆက်ပွားကျန်းမာရေး အသိပညာ ဆွေးနွေးခြင်းများပြုလုပ်နေစဉ်

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် ပျိုရွယ်သူမျိုးဆက်ပွားကျန်းမာရေး အသိပညာပေးဆွေးနွေးခြင်းကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၃ခုနှစ် စက်တင်ဘာလ (၅)ရက်နံနက် (၉း၀၀)နာရီတွင် ပုဗ္ဗသီရိမြို့နယ် အ–ထ–က (၃)တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

## မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)၏လှုပ်ရှားမှုများ

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(ကျောင်းကျန်းမာရေး) ဒေါက်တာစုစုလင်းနှင့်အဖွဲ့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ လက်ထောက်ဆရာဝန်များ၊ ကျောင်းဆရာ/ဆရာမများ ၊ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား/ သူများ၊မိဘများ၊ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင်မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေက အဖွင့်အမှာစကားပြောကြားပြီး၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ဒေါက်တာစုစုလင်းတို့က ကျောင်းသားမိဘများကို အပြုသဘောဆောင်သော သားသမီး၊ မိဘ၊ ဆရာ ဆက်ဆံရေးနှင့် မိဘများ၏တာဝန်ဝတ္တရားများအကြောင်းနှင့် ဆယ်ကျော်သက်အရွယ်ကလေးများ၏ ကျန်းမာရေး၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် အာဟာရအကြောင်းကို အသိပညာပေးပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဆရာဝန်များမှ အလယ်တန်းနှင့်အထက်တန်း ကျောင်းသား/သူ များကို အဖွဲ့(၄)ဖွဲ့ခွဲ၍ ပျိုရွယ်သူမျိုးဆက်ပွားကျန်းမာရေး၊HIV/AIDS ၊မူးယစ်ဆေးဝါးအန္တရာယ်များအကြောင်း၊ အာဟာရနှင့်မတော်တဆကြုံတွေ့ရသောအန္တရာယ်များအကြောင်းကို အုပ်စုဖွဲ့ဆွေးနွေးခြင်းများ၊ အပြန်အလှန်ဆွေးနွေးခြင်းများပြုလုပ်ပြီး သိသင့်သည်များကို ရှင်းလင်းပြောကြားပါသည်။

**မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ပိုးချည်ဖြင့်ပန်းခြောက်အလှပြုလုပ်နည်း သင်တန်းဖွင့်ပွဲအခမ်းအနားဖွင့်လှစ်**



**မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ပိုးချည်ဖြင့်ပန်းခြောက်အလှပြုလုပ်နည်း သင်တန်းပို့ချဆောင်ရွက်နေစဉ်**

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် မိသားစုများ၏ ဝင်ငွေတိုးရန်ရည်ရွယ်ပြီး ''ပိုးချည်ဖြင့်ပန်းခြောက်အလှပြုလုပ်နည်းသင်တန်း''ကို ၂၀၁၃ခုနှစ်ဒီဇင်ဘာလ(၂၆)နှင့် (၂၇)ရက်နေ့တွင်ဖွင့်လှစ်ခဲ့ပါသည်။ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ(၂၆)ရက်နေ့ နံနက်(၉း၀၀)နာရီတွင် အသင်းရုံး၏ခန်းမကြီး၌ကျင်းပရာ ဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်မှ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

## မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)၏လှုပ်ရှားမှုများ

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါက်တာမွန်မွန်အောင်၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့်ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းမှ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ် ရေးအဖွဲ့မှဥက္ကဋ္ဌနှင့်အတွင်းရေးမှူး၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်မြို့နယ်များမှ သင်တန်းသူများ စုစုပေါင်း (၅၀)ဦး တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

### မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီးသို့ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများအတွက် အလှူငွေပေးအပ်



မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကုတင်(၁၀၀၀)ပြည်သူ့ဆေးရုံကြီးသို့ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ခွဲစိတ်ပြီးလူနာများအား အာဟာရပစ္စည်းများထောက်ပံ့ပေးနေစဉ်

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌဒေါ်သက်သက်ဆွေနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ၂၀၁၃ ခုနှစ်ဒီဇင်ဘာလ (၄)ရက်နေ့ နေ့လည် (၁း၀၀)တွင် နေပြည်တော် ကုတင် (၁၀၀၀)ဆံ့ ပြည်သူ့ဆေးရုံသို့ နှုတ်ခမ်းကွဲ ၊ အာခေါင်ကွဲ ခွဲစိတ်မည့်လူနာ(၂၃)ဦးအတွက်လှူဒါန်းငွေ (၁၅၀၀၀၀ဝိ/ကျပ်-) ကျပ်တစ်ဆယ့်ငါးသိန်းတိတိကို မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌဒေါ်သက်သက်ဆွေက ပေးအပ်ရာ ကုတင်(၁၀၀၀)ဆံ့ပြည်သူ့ဆေးရုံမှဆေးရုံအုပ်ကြီး ဒေါက်တာဖြူဖြူမှ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌနှင့်ဗဟိုအလုပ်မှုဆောင်အဖွဲ့ဝင်များသည် ခွဲစိတ်ပြီးလူနာနှင့်ခွဲစိတ်မည့်လူနာများအား လှည့်လည်ကြည့်ရှုခဲ့ပြီး အာဟာရပစ္စည်းများ ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

# မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)၏လှုပ်ရှားမှုများ

## မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ INDIA နိုင်ငံမှ Mrs.Surjeet Kaur အဖွဲ့နှင့် ဂျပန်နိုင်ငံ AMCWA (Asia Maternal and Child Welfare Association) အဖွဲ့တို့မှလာရောက်တွေ့ဆုံခြင်း



မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ အိန္ဒိယကြည်းတပ်ဦးစီးချုပ်၏ဇနီးလာရောက်ပြီး အပ်ချုပ်စက်များလှူဒါန်းစဉ်



မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ Asia Maternal and Child Welfare Associationမှ လာရောက်တွေ့ဆုံစဉ်

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ အိန္ဒိယနိုင်ငံမှ အိန္ဒိယကြည်းတပ်ဦးစီးချုပ်၏ဇနီး Mrs.Surjeet Kaur, President of Army Wives Welfare Association ခေါင်းဆောင်သောအဖွဲ့သည် ၂၀၁၃ ခုနှစ် အောက်တိုဘာလ (၃၀)ရက် နံနက်(၉း၄၅)နာရီတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါက်တာမွန်မွန်အောင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များကို လာရောက်တွေ့ဆုံပါသည်။

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါက်တာမွန်မွန်အောင်က ကြိုဆိုနှုတ်ခွန်းဆက်ပြီးနောက် အသင်း၏ ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်များ၊ မိခင်နှင့်ကလေးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ကာကွယ်စောင့်ရှောက်မှု လုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့ပါသည်။

ထိုနောက်ဧည့်သည်တော်အဖွဲ့မှ ပြန်လည်ပြောကြားပြီး မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ အပ်ချုပ်စက်(၁၅)လုံးကို ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များက လက်ခံရယူခဲ့ပါသည်။ ၎င်းနောက် အသင်းဥက္ကဋ္ဌမှ ဂုဏ်ပြုလက်မှတ်နှင့်ဂုဏ်ပြုလက်ဆောင်များ ပြန်လည်ပေးအပ်ရာ ဧည့်သည်တော် Mrs.Surjeet Kaur နှင့်အဖွဲ့မှ လက်ခံရယူခဲ့ပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့ပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ဂျပန်နိုင်ငံမှ AMCWA (Asia Maternal and Child Welfare Association)မှ ဥက္ကဋ္ဌ Mr Yamaguchi Yoichi ခေါင်းဆောင်သော အဖွဲ့သည် ၂၀၁၃ခုနှစ် အောက်တိုဘာလ (၃၀)ရက်နံနက်(၁၀း၃၀)နာရီတွင်မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကို လာရောက်တွေ့ဆုံရာ ဥက္ကဋ္ဌဒေါက်တာမွန်မွန်အောင်၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ခွန်းဆက်ပြီးနောက် အတွင်းရေးမှူးဒေါ်သဇင်နွယ်က အသင်း၏ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်များ၊ မိခင်နှင့်ကလေးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့ပြီး လာရောက်တွေ့ဆုံသူများကသိလိုသည်များကို မေးမြန်းခဲ့ခြင်း၊အနာဂတ်တွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများကိုဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် ဂုဏ်ပြုလက်ဆောင်များပေးအပ်ခဲ့ကြပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရှိရပါသည်။

## ပြည်နယ်/တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ၏ လှုပ်ရှားမှုမှတ်တမ်းများ

### ကချင်ပြည်နယ်



ကချင်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ကံဆီးဆိုင်းလုံနှင့် အဖွဲ့ဝင်များမှ သင်တန်းသူများပြုလုပ်ထားသော မူကြိုသင်ထောက်ကူပစ္စည်းများအားကြည့်ရှုနေစဉ်

ကချင်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ မူကြိုဆရာမသင်တန်းဆင်းပွဲအခမ်းအနားကို မြစ်ကြီးနားမြို့၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေး အဖွဲ့ရုံးအစည်းအဝေးခန်းမ၌ နံနက်(၉း၀၀)နာရီ တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ ပြည်နယ်မိခင်နှင့်ကလေးစောင့် ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက၊ ပြည်နယ်ဝန်ကြီးများ၏ ဇနီးများ၊ ခရိုင်/မြို့နယ်မိခင်နှင့်ကလေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှသင်တန်း နည်းပြ ဆရာမများ၊ သင်တန်းသူများနှင့်စုစုပေါင်းအင်အား (၅၀)ဦးခန့် တက်ရောက်ခဲ့ပါသည်။ အခမ်းအနားတွင် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ကံဆီးဆိုင်းလုံမှ အမှာစကားပြောကြားပြီး ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ ဆရာမကြီးဒေါ်ခွန်ဖန်မှ သင်တန်းနှင့် ပတ်သက်သည်များကို ပြောကြားခဲ့ပါသည်။ ထို့နောက် သင်တန်းတွင် ထူးချွန်ဆုရရှိသော သင်တန်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းသူ (၂၈)ဦးသို့ သင်တန်းဆင်း လက်မှတ်များကိုပေးအပ်ကာ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ နာယကမှ သင်တန်းသူများ၏ မူကြိုသင်ထောက်ကူပစ္စည်း များကို လှည့်လည်ကြည့်ရှုခဲ့ပြီး အခမ်းအနားကို (၁၀း၀၀)နာရီ အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

### ကယားပြည်နယ်



ဒီမောဆိုးမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဆေးစိမ်ခြင်ထောင် အသုံးပြုနည်းများကို သရုပ်ပြဆောင်ရွက်နေစဉ်

ကယားပြည်နယ် ဒီမောဆိုးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များနှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနတို့ပူးပေါင်း၍(၂၄-၉-၂၀၁၃)ရက်နေ့တွင် ဒီမောဆိုး မြို့စည်ပင် သာယာရပ်ကွက်၌ ကျန်းမာရေးပညာပေးဟော ပြောခြင်း၊ ခြင်ထောင်ဆေးစိမ်ရန် ဆေးပြားများဖြန့်ဝေခြင်း၊ ခြင်ထောင်ဆေးစိမ် သရုပ်ပြဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ ပါသည်။

### ကရင်ပြည်နယ်



ကရင်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ နာယက၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဘားအံမြို့ အမက (၁၁)သို့သွားရောက်ကာကြက်ဥနှင့်နွားနို့ တိုက်ကျွေးနေစဉ်

## ပြည်နယ်/တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ၏ လှုပ်ရှားမှုမှတ်တမ်းများ

ကရင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် (၂၅-၉-၂၀၁၃) ရက်နေ့တွင် ဘားအံမြို့ပေါ်ရှိ အမှတ်(၁၁) အခြေခံပညာမူလတန်းကျောင်းအမှတ်(၁၁) အခြခံပညာမူလတန်းကျောင်းများနှင့်မူလတန်းကြိုကျောင်းသို့ လည်းကောင်း၊ (၂၆-၉-၂၀၁၃)ရက်နေ့တွင် အမှတ်(၉) အခြေခံပညာ မူလတန်းကျောင်းများရှိကလေးများအား ကြက်ဥနှင့်နွားနို့များကို လည်းကောင်း တိုက်ကျွေးခဲ့ပါသည်။

### ချင်းပြည်နယ်



ချင်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များမှ သက်ကြီးရွယ်အိုအဘိုးအဘွားများအား ပူဇော်ကန်တော့နေစဉ်

ချင်းပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ဟားခါးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ စုပေါင်း၍ (၁-၁၁-၂၀၁၃)ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အဖြစ် ဟားခါးမြို့ ဗေသလ ဘိုးဘွားရိပ်သာတွင်နေထိုင်သော အဘိုးအဘွားများအား တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ပေးခြင်း၊ အားပေးစကားပြောခြင်း၊ ငွေသားဖြင့် ပူဇော်ကန်တော့ခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

### စစ်ကိုင်းတိုင်းဒေသကြီး




စစ်ကိုင်းတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကမှ ဝန်းသိုမြို့နယ် အရန်သားဖွားသင်တန်းသူများအား သင်တန်းစရိတ်များ ထောက်ပံ့ပေးနေစဉ်

စစ်ကိုင်းတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကနှင့်အဖွဲ့ဝင်များသည်(၁၈-၁၂-၂၀၁၃)ရက်နေ့တွင် ဝန်းသိုမြို့နယ်ပြည်သူ့ဆေးရုံ၌ ဖွင့်လှစ်ထားသည့် အရန်သားဖွားဆရာမသင်တန်းသို့ ရောက်ရှိပြီး သင်တန်းသူ(၁၁)ဦးအတွက် ဝတ်စုံနှင့်ထောက်ပံ့ငွေ (၁၀၀၀၀၀)ကျပ်ကိုလည်းကောင်း သင်တန်းတွင် သင်ကြားပေးနေသည့် မြို့နယ်ပြည်သူ့ဆေးရုံမှ ဆရာမ(၇)ဦးအတွက် ထောက်ပံ့ငွေ (၇၀၀၀၀)ကျပ်ကို လည်းကောင်း အသီးသီးထောက်ပံ့ ပေးအပ်ခဲ့ပါသည်။ ၎င်းနောက် စစ်ကိုင်းတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကနှင့်အဖွဲ့ဝင်များသည် ဝန်းသိုမြို့နယ် မိခင်နှင့်ကလေးမူကြိုကျောင်းသို့ သွားရောက်ပြီး မူကြိုကလေးငယ်များအား နို့ဆန်ပြုတ်တိုက်ကျွေးခြင်း၊ သင်ထောက်ကူ ပစ္စည်းများနှင့်အလှူငွေ (၃၀၀၀၀)ကျပ်တို့ကို ထောက်ပံ့လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

# ပြည်နယ်/တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ၏ လှုပ်ရှားမှုမှတ်တမ်းများ

## တနင်္သာရီတိုင်းဒေသကြီး



တနင်္သာရီတိုင်းဒေသကြီးမိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ကိုယ်ဝန်ဆောင်များအားအာဟာရများနှင့် အားဆေးများထောက်ပံ့နေစဉ်

တနင်္သာရီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် (၄–၁၁–၂၀၁၃)ရက်နေ့တွင် ပုလောမြို့နယ်၊ မီးလောင်ချောင်း သားဖွားခန်းတွင် လာရောက်ပြသသော ကိုယ်ဝန်ဆောင်များ အတွက် အာဟာရနှင့်အားဆေးများထောက်ပံ့ ပေးခဲ့ပါသည်။

## ပဲခူးတိုင်းဒေသကြီး



ပဲခူးတိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဝင်များမှ "ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း " ဖွင့်လှစ်နေစဉ်

ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့သည် (၂၁–၁၂–၂၀၁၃)ရက်နေ့တွင် ပဲခူးမြို့တော်ခန်းမ၌ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါသင်တန်းသို့ ပဲခူးခရိုင်အတွင်းရှိ ဆရာ/ဆရာမများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင် (၅၀၀)ဦးတက်ရောက်ခဲ့ပြီး သင်တန်းကို (၂၁–၁၂–၂၀၁၃) မှ (၂၂–၁၂–၂၀၁၃) ရက်အထိဖွင့်လှစ်ပေးခဲ့ပါသည်။

## ပဲခူးတိုင်းဒေသကြီး



ပဲခူးတိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယကမှNFPEထူးချွန် ကျောင်းသားများအားထောက်ပံ့ချီးမြှင့်ခြင်းအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားနေစဉ်

(၁၅–၁၀–၂၀၁၃)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ပဲခူးမြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းသို့သွားရောက်၍ ကျောင်းပြင်ပမူလတန်း ပညာရေးထူးချွန်ကျောင်းသားများအားထောက်ပံ့ချီးမြှင့်ခြင်း အခမ်းအနားတွင် ထူးချွန်ကျောင်းသူ(၁)ဦးအား ထောက်ပံ့ငွေ (၅)သောင်းကျပ် ပေးအပ်ချီးမြှင့်ခဲ့ပြီး ဆက်လက်ပညာ သင်ကြားနိုင်ရေးအတွက် တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့မှ လစဉ်ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပါသည်။ ထို့နောက် ပဲခူးမြို့မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းပိုင် သားဖွားခန်းသို့ သွားရောက်၍ ကိုယ်ဝန်ဆောင်မိခင်(၈)ဦးအား ကွေကာအုပ်၊ ကြက်ဥနှင့်အိုင်အိုဒင်းဆားများထောက်ပံ့ခဲ့ပြီး မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ ထောက်ပံ့ခဲ့သော ချွဲစုပ်စက်အားအသင်းပိုင်သားဖွားခန်းသို့ ပေးအပ်ခဲ့ပါသည်။

# ပြည်နယ်/တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ၏ လှုပ်ရှားမှုမှတ်တမ်းများ

## မကွေးတိုင်းဒေသကြီး



မင်းလှမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကလေးငယ်များအား ကိုယ်အလေးချိန်ပေးနေစဉ်

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ မိခင်ကလေး ကျန်းမာရေးဌာနတွင် (၅) နှစ်အောက်ကလေးများအား ကိုယ်အလေးချိန်ပေးခြင်း၊ အရပ်တိုင်းပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုများပြုလုပ်ပေးပြီး အမှတ်(၅)ရပ်ကွက်မှ အာဟာရချို့တဲ့ကလေးများကို နွားနို့ဆန်ပြုတ်နှင့် အာဟာရများ တိုက်ကျွေးခဲ့ကြပါသည်။

## မန္တလေးတိုင်းဒေသကြီး



မန္တလေးတိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယကနှင့်အဖွဲ့ဝင်များ သင်တန်းသူများချုပ်ထားသည့်အဝတ်အထည်များ ကြည့်ရှုအားပေးနေစဉ်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်တွင် ၂၀၁၃ ခုနှစ်အတွင်း အခြေခံစက်ချုပ်သင်တန်းနှင့် အဆင့်မြင့်စက်ချုပ်သင်တန်း(၅)ကြိမ် စဉ်ဆက်မပြတ်ဖွင့်လှစ်ခဲ့ရာ အခြေခံစက်ချုပ်သင်တန်းသို့ သင်တန်းသူ (၁၃၅)ဦး၊ အဆင့်မြင့်သင်တန်း၌ (၆၉)ဦး တက်ရောက်သင်ကြားခဲ့ပါသည်။ အခြေခံစက်ချုပ်သင်တန်းတွင် ဖန်စီအိတ်၊ စီးကွင်း ထိုးနည်းများကိုပါ သင်ကြားပေးခဲ့ပြီး အဆင့်မြင့်သင်တန်းတွင် မိန်းမဝတ် ပုံဆန်း၊ ယောကျ်ားဝတ် ရှပ်အင်္ကျီ၊ အတွင်းဝတ်အင်္ကျီတို့ သင်ကြားပေးခဲ့ပါသည်။ သင်တန်းသူ (၅)ဦးအား အပ်ချုပ်စက် (၁)လုံးစီ အရစ်ကျရောင်းချပေးခဲ့ပြီး သင်ထောက်ကူပစ္စည်း များကို ထောက်ပံ့ပေးခဲ့ပါသည်။

## မန္တလေးတိုင်းဒေသကြီး



မန္တလေးတိုင်းဒေသကြီး
မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့်
ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး
ဦးစီးဌာနတို့ပူးပေါင်းဖွင့်လှစ်သောသဘာဝ
ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစီမံခန့်ခွဲမှု
သင်တန်းလက်တွေ့သရုပ်ပြနေစဉ်

မန္တလေးတိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော သဘာဝဘေး အန္တရာယ် ကြိုတင်ကာကွယ်ရေးစီမံခန့်ခွဲမှုသင်တန်းကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ(၂၆)ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့ပါသည်။

## ပြည်နယ်/တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ၏ လှုပ်ရှားမှုမှတ်တမ်းများ

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌကအဖွင့်မှာစကားပြောကြားခဲ့ပါသည်။ ဆက်လက်၍ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက မီးဘေး၊ ရေဘေး၊ လေဘေး၊ ကမ်းပါးပြိုဘေး၊ ငလျင်ဘေး စသည့် သဘာဝဘေးအန္တရာယ်များကို တားဆီး၍ မရနိုင်သော်လည်း ထိခိုက်ဆုံးရှုံးမှု နည်းနိုင်သမျှနည်းအောင် ကြိုတင်စီမံ၍ ရနိုင်သဖြင့် အသိပညာ၊ အတွေ့အကြုံ၊ အကြံပြုချက်၊ လုပ်ဆောင်ရမည့် နည်းလမ်းများကို ကြိုတင်သိရှိဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ သင်တန်းကိုပို့ချခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

သင်တန်းသို့ မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ သင်တန်းနည်းပြများနှင့် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့တို့မှ နည်းပြများနှင့် သင်တန်းကို (၃)ရက်ကြာပို့ချပြီး မန္တလေးခရိုင်အတွင်းရှိ မြို့နယ် (၇) မြို့နယ်မှ သင်တန်းသား/သူ (၇၀)ဦးတက်ရောက်ခဲ့ပါသည်။

### မွန်ပြည်နယ်



မွန်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌမှ အင်္ဂလိပ်စကားပြောသင်တန်းအဖွင့်အမှာစကားပြောကြားစဉ်

မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းလွင်နှင့်အဖွဲ့ဝင်များသည် (၁၈-၁၁-၂၀၁၃)ရက်နေ့တွင် မော်လမြိုင်မြို့၊ ဈေးကြီးရပ်ကွက်၊ ကျိုက္ခမီလမ်း၊ အမှတ်(၈)ဝင်းအတွင်း AITI ကွန်ပျူတာသင်တန်းနှင့်အင်္ဂလိပ်စကားပြော သင်တန်းဖွင့်ပွဲ အခမ်းအနားကို တက်ရောက်ခဲ့ပြီး ဥက္ကဋ္ဌဒေါ်စန်းစန်းလွင်က သင်တန်းတွင် အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

### ရခိုင်ပြည်နယ်



ရခိုင်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များမှ AIDS ဝေဒနာရှင်များအားအိမ်တိုင်ယာရောက်ထောက်ပံ့ပစ္စည်းများပေးနေစဉ်

ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက၊ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များမှ စစ်တွေမြို့ မင်းဂံရပ်ကွက်ရှိ HIV / AIDS ရောဂါဝေဒနာရှင်များအား အိမ်တိုင်ယာရောက် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပြီး ငွေနှင့်အာဟာရများ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

# ပြည်နယ်/တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ၏ လှုပ်ရှားမှုမှတ်တမ်းများ

## ရန်ကုန်တိုင်းဒေသကြီး



ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ် မြို့နယ်ခန်းမတွင် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကမှ ခရိုင်ဥက္ကဋ္ဌသို့ ဆေးစိမ်ခြင်ထောင်များပေးအပ်စဉ်

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ် သို့(၁၈-၁၀-၂၀၁၃) ရက်နေ့တွင် ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မှော်ဘီမြို့နယ် မိခင်နှင့်ကလေးသားဖွားခန်းသို့ ကြည့်ရှုစစ်ဆေးခဲ့ပြီး ကိုယ်ဝန်ဆောင်မိခင် (၁၆)ဦးအား အာဟာရပြည့်အစားစာများ ထောက်ပံ့ပေးအပ်ခြင်း ၊မှော်ဘီမြို့နယ်အသင်းပိုင် မူကြိုကျောင်းသို့ သင်ထောက်ကူပစ္စည်းများပေးအပ်ခြင်းနှင့် မူကြိုကလေးငယ် (၃၂)ဦးတို့ကို အာဟာရပြည့် အစားအစာများ ထောက်ပံ့ပေးအပ်ခဲ့ပါသည်။ ထို့နောက် နာယကနှင့်အဖွဲ့ဝင်များသည် မှော်ဘီမြို့နယ်ခန်းမတွင် ဆေးစိမ်ခြင်ထောင်ပေးအပ်ခြင်း၊ သရုပ်ပြခြင်းနှင့်ကျန်းမာရေး အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ပြုလုပ်ကျင်းပခဲ့ပါသည်။ အခမ်းအနားတွင် နာယကမှ ခရိုင်များသို့ ဆေးစိမ်ခြင်ထောင် (၅၀၀) လုံး၊ ခြင်ထောင်ဆေးစိမ်ဆေးပြား (၁၀၀၀)ပြား ပေးအပ်ခဲ့ပါသည်။ ဆက်လက်ပြီး မှော်ဘီမြို့နယ်ဆရာဝန်ကြီးမှ သွေးလွန်းတုပ်ကွေးနှင့် ခြင်ကြောင့်ဖြစ်တတ်သော ရောဂါများအကြောင်း အသိပညာပေးဟောပြောခဲ့ပါသည်။

ထို့နောက် သုတဝေလျှံစာကြည့်တိုက်သွားရောက်ခဲ့ပြီး စာဖတ်ရိုန်မြင့်တင်ရေး စာအုပ်စာစောင်များ ဖတ်ရှုနေသူများကို အားပေးကြည့်ရှုခဲ့ပြီး စာအုပ်၊စာစောင်များ ပေးအပ်လှူဒါန်းခဲ့ပါသည်။

## ရန်ကုန်တိုင်းဒေသကြီး



ရန်ကုန်တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယကမှမူကြို ကလေးငယ်များအား မုန့်များနှင့်လက်ဆောင်ပစ္စည်းများပေးအပ်နေစဉ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်တွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းပိုင်မူကြိုကျောင်း ပြန်လည်ဆောက်လုပ်ပြီးစီး၍ ဖွင့်လှစ်ပွဲ အခမ်းအနားကို (၆-၁၂-၂၀၁၃)ရက်နေ့တွင် ပြုလုပ်ကျင်းပခဲ့ပါသည်။ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ပါသည်။ အခမ်းအနားတွင် တိုင်းဒေသကြီး ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဆောက်လုပ်လှူဒါန်းသော အလှူရှင်တို့မှ ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး နာယကမှ အလှူငွေကျပ် (၅)သိန်းထောက်ပံ့ ပေးအပ်ခဲ့ပါသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး နာယကနှင့်အဖွဲ့ဝင်များသည် မူကြိုကျောင်းများသို့ လှည့်လည်ကြည့်ရှုခဲ့ကြပြီး မူကြိုကလေးငယ်(၄၀)ဦးတို့ကို မုန့်နှင့်လက်ဆောင် ပစ္စည်းများ ပေးအပ်ခဲ့ပါသည်။

## ပြည်နယ်/တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ၏ လှုပ်ရှားမှုမှတ်တမ်းများ

### ရှမ်းပြည်နယ်



ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယကနှင့်အဖွဲ့ဝင်များမှ တောင်ကြီးမြို့ ချမ်းမြသာစည်ရပ်ကွက်ရှိ အလင်းစေတမန်အခမဲ့စေတနာ ညစာကျောင်းသို့ အားဖြည့်အစားစာများ ပေးအပ်စဉ်

ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယကဒေါ်ဖြူဖြူညွန့်နှင့် အဖွဲ့ဝင်များသည် (၅-၁၂-၂၀၁၃) ရက်နေ့တွင် တောင်ကြီးမြို့၊ ချမ်းမြသာစည် ရပ်ကွက်ရှိ အလင်းစေတမန် အခမဲ့စေတနာ ညကျောင်းသို့ သွားရောက်ပြီး ထောက်ပံ့ငွေကျပ် (၃)သိန်းနှင့်မုန့်များ ထောက်ပံ့ ပေးအပ်ခဲ့ပါသည်။

### ရှမ်းပြည်နယ်



ကျောက်မဲမြို့နယ် ပိန္နဲကုန်းကျေးရွာ၌ ကျန်းမာရေးအသိပညာပေးဟောပြောပြီး လိုအပ်သည့်ဆေးဝါးများကုသပေးနေစဉ်

ကျောက်မဲခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့သည် ကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်း၍ ကျောက်မဲမြို့နယ်၊ ပိန္နဲကုန်းကျေးရွာ၌ (၈-၉-၂၀၁၃) ရက်နေ့တွင် ကျန်းမာရေးအသိပညာပေးပြီး၊ အခမဲ့ဆေးကုသပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ သွားကျန်းမာရေးနှင့်ပတ်သက်၍ သွားဘက်ဆိုင်ရာဆရာဝန် ဒေါက်တာနေခြည်အုံးက လည်းကောင်း၊ အထွေထွေရောဂါများနှင့်ပတ်သက်၍ အထွေထွေရောဂါ အထူးကုဆရာဝန် ဒေါက်တာတင်တင်က လည်းကောင်း၊ ငှက်ဖျားရောဂါနှင့် ပတ်သက်၍ ငှက်ဖျားရောဂါ အထူးကုဆရာဝန် ဒေါက်တာနန်းစံခမ်းကလည်းကောင်း၊ ပညာပေးဟောပြောခဲ့ပြီး လာရောက်ပြသသည့် လူနာ (၁၉၅)ဦးအား ကျန်းမာရေးစစ်ဆေးပေးပြီး လိုအပ်သည့် ကုသမှုများကို ဆောင်ရွက်ပေးခဲ့ပါသည်။

### ရှမ်းပြည်နယ်



ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ရုံးခန်းမ၌ပြုလုပ်သည့် သက်ကြီးရွယ်အိုများ ကျန်းမာရေးနှင့် အိမ်တိုင်ရာရောက် စောင့်ရှောက်လုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ဆောင်ရွက်စဉ်

ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေး အဖွဲ့သည် ပြည်နယ်ကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်း၍ သက်ကြီးဘိုးဘွားများအား အိမ်တိုင်ရာရောက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲကို (၂၂-၁၁-၂၀၁၃) ရက်နေ့တွင် တောင်ကြီးမြို့၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်

## ပြည်နယ်/တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ၏ လှုပ်ရှားမှုမှတ်တမ်းများ

ပြုလုပ်ရာ ရှမ်းပြည်နယ်တောင်ပိုင်းမှ တောင်ကြီးခရိုင်၊ လွိုင်လင်ခရိုင်၊ လင်းခေးခရိုင်တို့မှ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ၊အတွင်းရေးမှူးနှင့် လုပ်ငန်းတွင် စိတ်ပါဝင်စားသူ စုစုပေါင်း (၇၆) ဦး တက်ရောက်ခဲ့ပါသည်။ အလားတူ အဆိုပါသက်ကြီးရွယ်အိုများ ကျန်းမာရေးနှင့် အိမ်တိုင်ရာရောက် စောင့်ရှောက်မှုလုပ်ငန်းသင်တန်းများကို (၇-၁၂-၂၀၁၃)ရက်နေ့တွင် မူဆယ်မြို့နယ်၌ သင်တန်းသူ (၆၀)ဦးဖြင့်လည်းကောင်း၊ (၉-၁၂-၂၀၁၂) ရက်နေ့တွင် လားရှိုးမြို့နယ်၌ သင်တန်းသူ (၇၀)ဦးဖြင့်လည်းကောင်း၊ (၁၀-၁၂-၂၀၁၃) ရက်နေ့တွင် ကျောက်မဲမြို့နယ်၌ သင်တန်းသူ (၇၀)ဦးဖြင့် လည်းကောင်း ဖွင့်လှစ်ပို့ချပေးခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် သက်ကြီးရွယ်အိုဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုများ၊ အရိုးပါးရောဂါ၊ အရိုးအဆစ်ရောင်နှင့် ကျီးပေါင်းတက်ရောဂါများ သိကောင်းစရာအကြောင်း၊ သက်ကြီးရွယ်အိုများဆိုင်ရာ စိတ်ရောဂါအကြောင်း၊ သက်ကြီးရွယ်အိုများနှင့် သူနာပြုစုစောင့်ရှောက်ခြင်းနှင့် သက်ကြီးရွယ်အိုများနှင့် ရှေးဦးသူနာပြုစုစောင့်ရှောက်ခြင်း (အသက်ရှူအားကူခြင်းနှင့်နှလုံးဆွခြင်း) အကြောင်းများကို ဆွေးနွေးသရုပ်ပြလေ့ကျင့်ပို့ချပေးခဲ့ကြပါသည်။

### ရောဝတီတိုင်းဒေသကြီး



ရောဝတီတိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မိသားစုဝင်ငွေတိုးစေရန်အတွက် ငါးခြောက်လုပ်ငန်းအား သွားရောက်ကြည့်ရှုနေစဉ်

(၆-၁၂-၂၀၁၃)ရက်နေ့တွင် ရောဝတီတိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ကျိုက်လတ်မြို့နယ်၌ မိသားစုဝင်ငွေတိုး ငါးခြောက်လုပ်ငန်းသို့သွားရောက်ကြည့်ရှုအားပေးပြီး သင်တန်းဖွင့်လှစ်ရန်နှင့် အသင်းဝင်များအားအလုပ်အကိုင်ရှာဖွေပေးခြင်းတို့ကို လမ်းညွှန်ဆောင်ရွက်ပေးခဲ့ပါသည်။

### နေပြည်တော်



နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကနှင့်ဥက္ကဋ္ဌတို့မှ လယ်ဝေးမြို့နယ်ရှိ ပရဆေးဥယျာဉ်အား လှည့်လည်ကြည့်ရှုနေစဉ်

နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် (၂၅-၁၁-၂၀၁၃) ရက်နေ့တွင် လယ်ဝေးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ စိုက်ပျိုးထားသည့် တိုင်းရင်းဆေးစိုက်ခင်းအား ကြည့်ရှုလေ့လာပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ပါသည်။